# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

December 2 , 2024 Volume 85 , Number 1


| ၂.၁၂.၂၀၂၄ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၀၆.၆၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၀.၅၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၅.၂၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၄.၂၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၈၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၇၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၉.၆၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၀.၅၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၉၇ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ပဲစင်းငုံနီအသစ်များ စတင်ဝင်ရောက်လာရာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၈၀,၀၀၀ အထိ ဈေးကောင်းရနေ



ပဲစင်းငုံနီအသစ်များ စတင်ဝင်ရောက်လာရာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၈၀,၀၀၀ ပေါက်ဈေးရှိပြီး ဈေးကောင်းရရှိနေကြောင်း ကုန်သည်များထံက သိရသည်။

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်တွင် ပဲစင်းငုံနီ၊ ပဲနီ၊ ကုလားပဲ၊ ပဲတီစိမ်း၊ ပဲနောက်၊ နှမ်းနှင့် မြေပဲတို့ကို အဓိကစိုက်ပျိုးကြသည်။

ပခုက္ကူမြို့နယ်တွင် ပဲစင်းငုံနီကို ကုန်းခြောက်တောများဖြစ်သည့် ချောက်ကန်အုပ်စုရှိကျေးရွာများဖြစ်သော အရှေ့ချောက်ကန်၊ အနောက်ချောက်ကန်၊ မန်ကျည်းကိုးပင်ကျေးရွာများနှင့် အခြားကျေးရွာများတွင်စိုက်ဧက ၁၅,၀၀၀ ကျော်ရှိပြီး သီးညှပ်သီးနှံအဖြစ် စိုက်ပျိုးကြကြောင်း၊ တချို့တောင်သူများမှာ နှစ်သီးစားစိုက်ပျိုးကြပြီး စိုက်ပျိုးသောမျိုးမှာ သက်လတ်မျိုးနှင့်သက်ကြီးမျိုးကို စိုက်ပျိုးကြသည်။

ပခုက္ကူမြို့နယ်အတွင်းသို့ အခြားနယ်များမှလည်း ပဲစင်းငုံနီများ ဝင်ရောက်လာရာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊လက်ရှိ အရောင်းအဝယ်ဖြစ်နေသော ပဲစင်းငုံနီမှာ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ကျောက်ပန်းတောင်း၊ ပုပ္ပား၊ မာလာ၊ လက်ထုတ်၊ ပုလင်း၊ ငါ့သရောက်၊ အောက်ညဥ့်နယ်မှထွက်ရှိသော ပဲစင်းငုံနီများဖြစ်ကြောင်း၊ ပဲစင်းငုံနီအသစ်ပေါက်ဈေးမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၈၀,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း ပွဲရုံများထံက သိရသည်။

ပြီးခဲ့သည့် ပဲရာသီတွင် အိန္ဒိယ ပို့ကုန်ပဲစင်းငုံမှာ ဈေးကောင်းရရှိခဲ့သလို ထွက်ရှိသမျှပဲများလက်ကျန်မရှိရောင်းချနိုင်ခဲ့သောကြောင့်လာမည့်ပဲရာသီအသစ်တွင် ပိုမိုစိုက်ပျိုးလာရာပို့ကုန်ပမာဏ တိုးမြင့်လာနိုင်ပါသည်။

မြန်မာနိုင်ငံမှထွက်ရှိသည့် ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းတို့ကို နှစ်စဉ်တန်ချိန် နှစ်သန်းကျော် တင်ပို့လျက်ရှိရာတွင် အဓိက ပဲသုံးမျိုးဖြစ်သည့် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံကို နှစ်စဉ် ၁ ဒသမ ၅ သန်းကျော် တင်ပို့နေပြီး ယခုနှစ်တွင် ပိုမိုတင်ပို့နိုင်ခဲ့သည်။

ပို့ကုန်ပဲသုံးမျိုးတွင် မတ်ပဲတန်ချိန် ၈ သိန်း၊ ပဲတီစိမ်းတန်ချိန် ၄ သိန်းခွဲ၊ ပဲစင်းငုံတန်ချိန် ၂ သိန်းခွဲတင်ပို့ခဲ့သည်။

ပြီးခဲ့သည့် ပဲရာသီအစကတည်းက ပို့ကုန်ပဲများအနက် ပဲစင်းငုံမှာဈေးကောင်းရရှိခဲ့ကြသဖြင့် ပဲရာသီမကုန်ဆုံးမီ လက်ကျန်မရှိသလောက် အရောင်းအဝယ်ကောင်းခဲ့ရာ ယခုလာမည့် ပဲရာသီအသစ်အတွက် တောင်သူများတိုးချဲ့စိုက်ပျိုးကြသလို လက်ရှိပဲဈေးကွက်တွင် နယ်ပွဲရုံများ၌ စတင်ဝင်ရောက်လျက်ရှိသည်။

လက်ရှိ ပဲဈေးကွက်တွင် ပဲစင်းငုံတစ်တန်လျှင် ငွေကျပ် ၃၈ သိန်းကျော် ပေါက်ဈေးရှိနေပြီး ကြိုတင်ရောင်းဝယ်မှုများတွင် တစ်တန်လျှင် ငွေကျပ် ၃၆ သိန်းပေါက်ဈေးရှိကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## ဒီဇင်ဘာလတွင် နိုင်ငံတကာ ကုန်သေတ္တာတင်ယာဉ် အစင်း ၆ဝ ဝင်ရောက်ဆိုက်ကပ်မည်




ဒီဇင်ဘာလတွင် နိုင်ငံတကာကုန်သေတ္တာတင်ယာဉ် အစင်း ၆ဝ ဝင်ရောက်ဆိုက်ကပ်မည်ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သိရသည်။

ပြည်တွင်းသို့ ယခုနှစ်၏ ၁၁ လတာကာလအတွင်း နိုင်ငံတကာကုန်သေတ္တာတင်ယာဉ် ၅၇၃ စင်းဝင်ရောက်ဆိုက်ကပ်ခဲ့ပြီးဖြစ်သည်။

လအလိုက် ဝင်ရောက်မှုအနေဖြင့် ဇန်နဝါရီလတွင် ၄၉ စင်း၊ ဖေဖော်ဝါရီလတွင် ၅၃ စင်း၊ မတ်လတွင် ၅၅ စင်း၊ ဧပြီလတွင် ၅ဝ စင်း၊ မေလတွင် ၅၂ စင်း၊ ဇွန်လတွင် ၅ဝ စင်း၊ ဇူလိုင်လတွင် ၅ဝ စင်း၊ ဩဂုတ်လတွင် ၅ဝ စင်း၊စက်တင်ဘာလတွင် ၅၅ စင်း ၊ အောက်တိုဘာလတွင် ၅၂စင်း၊ နိုဝင်ဘာလတွင် ၅၇ စင်း ဝင်ရောက်ဆိုက်ကပ်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂ဝ၂၃ ခုနှစ် ၊ ဇန်နဝါရီမှ ဒီဇင်ဘာလကုန်ထိ တစ်နှစ်တာကာလအတွင်း ရန်ကုန်ဆိပ်ကမ်းများသို့ နိုင်ငံတကာ သင်္ဘောလိုင်းများမှကုန်သေတ္တာတင်သင်္ဘော ၆၄၅ စင်း ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ရန်ကုန်ဆိပ်ကမ်းဧရိယာတွင် အပြည်ပြည်ဆိုင်ရာရေယာဉ်ကြီးများဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်းတံတား ၂၇ စင်း ၊ရန်ကုန်သီလဝါဆိပ်ကမ်းဧရိယာတွင် ဆိပ်ကမ်းတံတား ၁၉ စင်း စုစုပေါင်း ၄၆ စင်းဖြင့် ဝန်ဆောင်မှုပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**Source : Popular News Journal**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၆-၁၁-၂ဝ၂၄ မှ ၂၉-၁၁-၂ဝ၂၄ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃,၅၇၆,ဝဝဝ၊ မတ်ပဲ SQ/ RC (2024 Crop)ကျပ် ၃,၉၆၆,ဝဝဝ နှင့် ပဲစင်းငုံ Red/ RC(2024 Crop)ကျပ် ၃,၉၅ဝ,ဝဝဝ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2024Crop) ကျပ်၁၅,ဝဝဝနှင့် မတ်ပဲ SQ/RC (2024 Crop) ကျပ် ၁၅,ဝဝဝ ၊ ပဲစင်းငုံ Red/ RC (2024 Crop ) ကျပ် ၉၈,ဝဝဝ အသီးသီး ဈေးကျဆင်းခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၂ဝ လုံး (တန်ချိန် ၄၈ဝ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၄၅ လုံး (တန်ချိန် ၁ဝ၈ဝ) ဝင်ရောက်ခဲ့သောကြောင့်ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၂၅ လုံး (တန်ချိန် ၆ဝဝ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ငရုတ်သီး (တစ်ပိဿာ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၆၅ဝဝ၊ မြားနီ ကျပ် ၆ဝဝဝ ၊ ပန်းတနော်ရှည် ကျပ် ၅၅ဝဝ၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၄,ဝဝဝ နှင့် မြစ်ဝပု ကျပ် ၁ဝ,၅ဝဝ ဈေးအသီးသီးဖြစ်

ခဲ့သည်။ တစ်ပတ်အတွင်း ရေတ်သီးများ ဈေးငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ ယခင်အပတ်က ရေတ်ရှည် အိတ်ပေါင်း ၁၉၀၀ (၃၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ရေတ်ရှည် အိတ်ပေါင်း ၁၄၀၀ ( ၂၈,၀၀၀ ပိဿာ) နှင့်ရေတ်ပုအိတ်ပေါင်း ၁၀၀(၁၅၀၀ ပိဿာ )ဝင်ရောက်ခဲ့သောကြောင့်ယခင်အပတ်ထက် ရေတ်ရှည်အိတ်ပေါင်း ၅၀၀ (၁၀,၀၀၀ ပိဿာ)လျော့နည်းဝင်ရောက်ခဲ့ပြီး ရေတ်ပုအိတ်ပေါင်း၁၀၀ (၁၅၀၀ ပိဿာ)ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်မန်ကျည်းသီး(တစ်ပိဿာ)ဈေးနှုန်းများမှာမန်ကျည်းသီးပွင့်ကပ်(သစ်)ကျပ်၃၅၀၀နှင့်မန်ကျည်းအသား (သစ်) ကျပ် ၁၃၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မန်ကျည်းဈေးများငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများ မှာ တောင်သာမလိုင်(ဒိုး) ကျပ် ၇၂၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၇၃၀၀၊ ပခုက္ကူကြမ်း ကျပ် ၇၂၀၀၊ ရေစကြို ထန်းလျက်(ချော) ကျပ် ၈၅၀၀၊ ကြံသကာ ကျပ် ၃၁၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၅၁၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ထန်းလျက်၊ ကြံသကာနှင့်သကြားများဈေးငြိမ်လျက်ရှိသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၆-၁၁-၂၀၂၄ မှ ၂၉-၁၁-၂၀၂၄ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မြင်းခြံမြို့တို့မှ ကြက်သွန်နီများနေ့စဉ်ဝင်ရောက်လျက်ရှိရာကြက်သွန်နီ(တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၄၀၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၃၆၀၀၊ ဆိပ်ဖြူ လတ်သန့် ကျပ် ၃၃၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၂၂၀၀၊ မြင်းခြံသစ်ရှယ် ကျပ် ၄၀၀၀၊ မြင်းခြံလတ်ကြီး ကျပ် ၃၃၀၀၊ မြင်းခြံလတ်သန့် ကျပ် ၂၉၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၂၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မြင်းခြံ သစ်ရှယ် ကျပ် ၄၀၀၊ မြင်းခြံလတ်ကြီး ကျပ် ၁၀၀ နှင့် မြင်းခြံလတ်သန့် ကျပ် ၂၀၀ အသီးသီးဈေးကျဆင်းခဲ့ပြီး မြင်းခြံလတ်ချောကျပ် ၁၀၀ ဈေးမြင့်တက်ခဲ့သည်။

ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်ကကားစီးရေ ၁၂၅ စီး (၇၅၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၇၅ စီး (၄၅၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၅၀ စီး (၃၀၀,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့မှ ကြက်သွန်ဖြူများနေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်းထူး-၂ ကျပ် ၁၂,၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၃,၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၄,၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၅,၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း အောင်ပန်းထူး-၂ ကျပ် ၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၅၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူ အိတ် ၁၇၀၀ (၅၁,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၁၃၀၀(၃၉,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့်ယခင်အပတ်ထက်ကြက်သွန်ဖြူအိတ် ၄၀၀(၁၂,၀၀၀ ပိဿာ)လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**အာလူး**


ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တရုတ်မှအာလူးများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ အာလူး(တစ်ပိဿာ) ဈေးနှုန်းများမှာ တရုတ်အာလူးကျပ် ၉၀၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း တရုတ်အာလူးများ ဈေးငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာယခင်အပတ်က ကားစီးရေ ၁၄ စီး (၈၄,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီးယခုအပတ်တွင် ကားစီးရေ ၁၀ စီး (၆၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့်ယခင်အပတ်ထက်ကားစီးရေ ၄ စီး (၂၄,၀၀၀ ပိဿာ)လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ပါကစ္စတန်နှင့် ဈေးယှဉ်မရောင်းနိုင်သဖြင့် မြန်မာ့ ဆန်/ဆန်ကွဲ တရုတ်ဝယ်လိုအား ကျဆင်း




ပါကစ္စတန်နိုင်ငံ၏ဆန်ဈေးနှုန်းကို ယှဉ်မရောင်းနိုင်တာကြောင့် တရုတ်နိုင်ငံကို မြန်မာ့ဆန်နဲ့ဆန်ကွဲ တင်ပို့မှုကျဆင်းလာခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်( MRF )က သိရပါတယ်။

လက်ရှိ တရုတ်နိုင်ငံအနေနဲ့ ပါကစ္စတန်နိုင်ငံက ဆန်/ဆန်ကွဲ ဝယ်ယူမှုမြင့်တက်လာကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF ) ဥက္ကဋ္ဌက ပြောပါတယ်။

“ တရုတ်နိုင်ငံလည်းဝယ်ပါတယ်။ ပါကစ္စတန်နိုင်ငံကိုဈေးယှဉ်မရောင်းနိုင်ဘူး။ တရုတ်က များသောအားဖြင့် ပါကစ္စတန်က ဝယ်တာများလာတယ်။ အိန္ဒိယကနေလည်း အခုဝယ်တာများလာတယ်”လို့ဆိုပါတယ်။ ဒါကြောင့် မြန်မာ့ဆန်တင်ပို့သူတွေအနေနဲ့ ဥရောပဈေးကွက်နဲ့ အင်ဒိုနီးရှားနိုင်ငံကို အားပြုရောင်းချနေရပြီး ဖိလစ်ပိုင်နိုင်ငံကိုလည်း တင်ပို့ရောင်းချရတယ်လို့ သိရပါတယ်။

“မလေးရှားကိုလည်း နည်းနည်းပဲ ရောင်းနိုင်တယ်။ ပါကစ္စတန်ကနေ ဝယ်တာများတယ်။ နောက်ပြီး အာဖရိကနိုင်ငံတွေကိုတော့ အိန္ဒိယကိုယှဉ်ပြီး မရောင်းနိုင်ပါဘူးလို့”၎င်းကပြောပါတယ်။

လက်ရှိမှာ ထိုင်း၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဗီယက်နမ်စတဲ့ ဆန်တင်ပို့တဲ့နိုင်ငံတွေအနေနဲ့တစ်ဧကအထွက်နှုန်း တိုးအောင်ပြုလုပ်ပြီးဈေးနှုန်းကျအောင်ဆောင်ရွက်လာကြလို့ ဈေးချရောင်းနိုင်တာမျိုးဖြစ်ပါတယ်လို့ဆိုပါတယ်။ မြန်မာနိုင်ငံမှာတော့ တစ်ဧကအထွက်နှုန်းတိုးလာဖို့ဆောင်ရွက်ဖို့ စိန်ခေါ်မှုအများအပြားရှိနေတယ်။ လတ်တလောမှာမြေကြီးကပေးတဲ့အနေအထား၊ တောင်သူတွေကြိုးစားအားထုတ်မှု၊ဈေးကွက်က ဖန်တီးပေးတဲ့အခွင့်အလမ်း၊ ဒီသုံးခုကိုပေါင်းစပ်ပြီးတော့ ရပ်တည်ဆောင်ရွက်နေတဲ့ အနေအထားဖြစ်ပါတယ်”လို့ ၎င်းကဆိုပါတယ်။

လက်ရှိမှာ နိုင်ငံရဲ့ဆန်စပါးပိုလျှံမှုအနေနဲ့ တန်ချိန် ၃ သန်းကျော်ရှိပြီး တန်ချိန် ၂ သန်းကျော်ကိုနှစ်စဉ်တင်ပို့ရောင်းချလျက်ရှိပါတယ်။

ယခုဘဏ္ဍာနှစ်မှာလည်း တန်ချိန် ၂ ဒသမ ၃ သန်းကနေ ၂ ဒသမ ၅ သန်းအထိ တင်ပို့နိုင်ရေးအတွက် ရည်မှန်းထားပြီး အောက်တိုဘာလအထိ ၇ လတာအတွင်း ဆန်နှင့်ဆန်ကွဲတန်ချိန် ၁ ဒသမ ၃၆၂ သန်း တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၄၇ သန်း ရရှိထားပါတယ်။

**Source :** https://htwettoe.com/

## မူဆယ်မြို့ ဆင်ဖြူဂိတ်မှ အေးခဲအသားအပါအဝင် အခြားလူသုံးကုန်ပစ္စည်းများ သယ်ဆောင်ခွင့်မပြု



တရုတ်-မြန်မာနယ်စပ်မူဆယ်မြို့အတွင်းသို့ တရုတ်နိုင်ငံဘက်မှ မီးဖိုချောင်သုံးအသီးအနှံနှင့် သားငါးများကို နိုဝင်ဘာ ၃၀ ရက်မှစတင်၍ သယ်ဆောင်ခွင့်ပြုပြီဖြစ်သော်လည်းအေးခဲအသားအပါအဝင် အခြားလူသုံးကုန်ပစ္စည်းများနှင့်ကန့်သတ်ကုန်ပစ္စည်းများ သယ်ဆောင်ခွင့်မပြုဘဲစစ်ဆေးတွေ့ရှိပါကအရေးယူသွားမည်ဖြစ်ကြောင်းဆင်ဖြူဂိတ်စစ်ဆေးရေးအဖွဲ့ကအသိပေးထားသည်။

ဆင်ဖြူဂိတ်မှတစ်ဆင့် တရုတ်ပြည်ဘက်သို့ ဝင်ထွက်သွားလာကြမည့် ယာဉ်နှင့်ဆိုင်ကယ်များအနေဖြင့် ခွင့်ပြုမိန့်ပါရှိရမည့်အပြင်သတ်မှတ်ကုန်ပစ္စည်းများကိုသာသယ်ဆောင်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

အလားတူ အိမ်စီးကား၊ လက်တွန်းလှည်းနှင့် စက်ဘီးများဖြင့် သယ်ဆောင်ခွင့်မပြုဘဲ ဆိုင်ကယ်ဖြင့်သယ်ဆောင်ရာတွင် သတ်မှတ်ကုန်ပစ္စည်းများ ရှေ့တစ်ထုပ်၊ နောက်တစ်ထုပ်သာ သယ်ဆောင်ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးထားသည်။

တရုတ်နိုင်ငံဘက်မှပစ္စည်းသယ်ဆောင်ခွင့်အတွက် နိုဝင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင်မူဆယ်မြို့ကုန်သည်ကြီးများအသင်းရုံးတွင်စာရင်းပေးသွင်းထားရပြီး၊စာရင်းပေးသွင်းထားသောယာဉ်များကိုအများရှေ့တွင်မဲနှိုက်၍ဆင်ဖြူဂိတ်မှ ဝင်ရောက်ရမည့် ရက်အသီးသီးကို သတ်မှတ်ပေးထားကြောင်း မူဆယ်ကုန်သည်ကြီးများအသင်းထံက သိရသည်။

**Source : Popular News Journal**

## ပြည်ပဈေးကွက်သို့ ရွှေပိတောက်ငါးဈေးကြီးမှ ရေထွက်ကုန်များ နေ့စဉ်တင်ပို့



ရန်ကုန်မြို့တွင် ရေထွက်ကုန်များအဓိကဖြန့်ဖြူးရာ ရွှေပိတောက်ငါးဈေးကြီးမှပြည်ပဈေးကွက်သို့ ရေထွက်ပစ္စည်းများနေ့စဉ်တင်ပို့လျက်ရှိကြောင်း သိရသည်။

“ရေချိုထွက်ကုန် ကုန်ချိန်က တစ်ရက်သုံးသိန်းခန့် ဈေးကိုဝင်ပါတယ်။ ဒီရေချိုထွက်ကုန်တွေကို ဥရောပနဲ့အရှေ့အလယ်ပိုင်းနိုင်ငံတွေကို တင်ပို့ပါတယ်” ဟု ရွှေပိတောက်ငါးဈေးသာယာရေးကော်မတီဥက္ကဋ္ဌကပြောသည်။

လက်ရှိဆောင်းဦးကာလသည် ငါးကန်ဖော်ချိန်ဖြစ်၍ရေချိုထွက်ကုန်များ လှိုင်လှိုင်ဝင်ရောက်လျက်ရှိပြီး ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးတန်၊ ငါးခေါင်းပွ၊ တီလားပီးယား၊ ငါးခုံးမ၊ ငါးမုတ်၊ ငါးပြေမ၊ ငါးခူ၊ ငါးကျည်း၊ ငါးရံ့၊ ငါးပနော်၊ ငါးဖယ်၊ ပုစွန်အပါအဝင် ရေထွက်ကုန်အမျိုးအစား ၃၀ ခန့် ဝင်ရောက်မှုရှိကြောင်း သိရသည်။

**Source: မြန်မာ့အလင်းသတင်းစာ**

## ဂျာမနီတွင်၂၀၄၀ ပြည့်နှစ်အထိ နှစ်စဉ် နိုင်ငံခြားသား အလုပ်သမား ၂၈၈,၀၀၀ ဦးခန့် လိုအပ်နေမည်ဖြစ်

ဂျာမနီနိုင်ငံ၏ လုပ်သားအင်အားသည် ရေရှည်တွင် ရွှေ့ပြောင်းလုပ်သားများ လာရောက်မှုမရှိပါက ၂၀၄၀ ပြည့်နှစ်မတိုင်မီတွင် ၁၀ ရာခိုင်နှုန်းခန့်ကျဆင်းသွားနိုင်ကြောင်း Bertelsmann ဖောင်ဒေးရှင်းမှပြုလုပ်သော လေ့လာမှုတစ်ခုအရ သိရသည်။

ယင်းလေ့လာမှုတွင် တစ်နှစ်လျှင် နိုင်ငံခြားသား ကျွမ်းကျင်လုပ်သား ၂၈၈,၀၀၀ ခန့်သာ ဝင်ရောက်လာမှုမရှိပါက ဂျာမန်လုပ်သားအင်အားပမာဏသည် လက်ရှိတွင် ၄၆ ဒသမ ၄သန်း ဝန်းကျင်မှ ၂၀၄၀ ပြည့်နှစ်တွင် ၄၁ ဒသမ ၉ သန်းအထိ ကျဆင်းသွားနိုင်ကြောင်းနှင့် ၂၀၆၀ ပြည့်နှစ် တွင် ၃၅ ဒသမ ၁ သန်းအထိ ကျဆင်းသွားနိုင်ကြောင်း ဖော်ပြထားသည်။

အလုပ်သမားဈေးကွက်မှ အသက် ၆၀ ကျော်တန်း ( baby boomers) များအနားယူသွားခြင်းသည် ကြီးမားသောစိန်ခေါ်မှုဖြစ်ကြောင်း Bertelsmann မှ migration expert ဖြစ်သူ Mr. Susanne Schultz က ပြောကြားခဲ့သည်။

ဂျာမနီ၏ ပြည်တွင်းအခြေအနေအလားအလာကောင်းနိုင်ရေးအတွက် ပိုမိုဖွံ့ဖြိုးတိုးတက်မှုရှိရန် လိုအပ်ကြောင်း၊ သို့သော်လူဦးရေအခြေအနေအရ ရွှေ့ပြောင်းလုပ်သားများရှိရန်လည်း လိုအပ်ကြောင်း Schultz ကပြောကြားခဲ့သည်။

ပိုမိုဆိုးရွားနိုင်သော အချက်အလက်များကို အခြေခံထားသည့် ဒုတိယစံပုံစံတစ်ခုတွင်မူ ၂၀၆၀ ပြည့်နှစ်အထိ တစ်နှစ်လျှင် အလုပ်သမားဦးရေ ၂၇၀,၀၀၀ ခန့်လျော့နည်းသွားနိုင်သည့်အတွက် ၂၀၄၀ ပြည့်နှစ်အထိ နှစ်စဉ်ရွှေ့ပြောင်းလုပ်သား ၃၆၈,၀၀၀ ခန့် လိုအပ်နိုင်ကြောင်း တွက်ချက်ထားခဲ့သည်။

ယခုအချိန်တွင် အလုပ်သမားရွှေ့ပြောင်းသွားလာမှုသည် လိုအပ်သည့် ပမာဏအောက်တွင် ရှိနေဆဲဖြစ်သဖြင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အတားအဆီးအချို့ကို ဖယ်ရှားရန်လိုအပ်ပြီး ပြောင်းရွှေ့သွားလာခြင်းဆိုင်ရာအခြေအနေကောင်းများကို ဖန်တီးပေးရန် လိုအပ်ကြောင်း Schultz က ဆက်လက် ပြောကြားခဲ့သည်။

ယခုအချိန်တွင် အလုပ်သမားရွှေ့ပြောင်းသွားလာမှုသည် လိုအပ်သည့်ပမာဏအောက်တွင် ရှိနေဆဲဖြစ်သဖြင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အတားအဆီးအချို့ကိုဖယ်ရှားရန်လိုအပ်ပြီး ပြောင်းရွှေ့သွားလာခြင်းဆိုင်ရာအခြေအနေကောင်းများကို ဖန်တီးပေးရန် လိုအပ်ကြောင်း Schultz က ဆက်လက် ပြောကြားခဲ့သည်။

ဂျာမနီပြည်ထဲရေးဝန်ကြီး Ms. Nancy Faeser က ဂျာမနီ၏ လူဝင်မှုကြီးကြပ်ရေးဥပဒေသည် ကမ္ဘာပေါ်တွင် ခေတ်အမီဆုံးဖြစ်ရမည်ဟုကတိပြုလျက် အရည်အချင်းပြည့်မီသောနိုင်ငံခြားလုပ်သားများ ဂျာမနီနိုင်ငံသို့လာရောက်အလုပ်လုပ်ကိုင်နိုင်ရေး အဆင်ပြေမှုရှိစေရန်နှင့် ၎င်းတို့အား ဆွဲဆောင်နိုင်စေရန်ရည်ရွယ်လျက်ဂျာမနီနိုင်ငံ၏အလုပ်သမားများ ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာဥပဒေအား ၂၀၂၃ ခုနှစ်တွင် ပြုပြင်ပြောင်းလဲ ပြင်ဆင်ထုတ်ပြန်ခဲ့သည်။

သို့သော် Bertelsmann ဖောင်ဒေးရှင်းမှ ၎င်း၏ လေ့လာမှုအသစ်ကို ထုတ်ပြန်ရာတွင် အဆိုပါ နိုင်ငံခြားသား အလုပ်သမားများသည် ဒေသအာဏာပိုင်များနှင့် စီးပွားရေးလုပ်ငန်းများက ၎င်းတို့အပေါ်ဖွေးထွေးစွာကြိုဆိုဆက်ဆံမှုနှင့် ဂျာမနီတွင် ရေရှည်နေထိုင်ခွင့်ရရှိရန် မျှော်လင့်ချက်တို့မရှိပါက ဂျာမနီသို့ လာရောက်ကြမည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။

တစ်ဖက်တွင်မူ ဂျာမနီသည် နိုင်ငံခြားသား ကျွမ်းကျင်လုပ်သားများကို ဆွဲဆောင်နေဆဲပင် ဖြစ်ကြောင်းနှင့် ယင်းကိစ္စအပေါ် လေးနက်စွာစဉ်းစားဆုံးဖြတ်ရန်လိုအပ်ကြောင်း၂၀၁၆ခုနှစ်တွင်ဆီးရီးယားပြည်တွင်းစစ်အတွင်းမှထွက်ပြေးလာသော အသက်၂၁ နှစ် အရွယ်ရှိ ဆီးရီးယား ဒုက္ခသည်တစ်ဦးကို ကိုးကား၍ ဖော်ပြခဲ့သည်။

၎င်းသည် ဂျာမနီအနောက်ပိုင်းရှိတက္ကသိုလ်များတွင် Bachelor Degree နှင့် Master Degree များကို ရယူခဲ့ပြီးသည့် နောက်လက်ရှိတွင် IT ပညာရှင်တစ်ဦးဖြစ်လာသောအခါ ဆွစ်ဇာလန်နိုင်ငံသို့ ပြောင်းရွှေ့သွားခဲ့ကြောင်း၊ အဆိုပါကျောင်းသားက ၎င်းအနေဖြင့် ဂျာမနီတွင် အကောင်းဆုံး နေထိုင်ခဲ့သော်လည်း ခွဲခြားဆက်ဆံ ခြင်းများနှင့် ငြင်းပယ်ခံရခြင်းများကို ကြုံတွေ့ခဲ့ရပြီး အချိန်ပိုင်းအလုပ်ကိုလုပ်ကိုင်၍ အမြဲတမ်းအလုပ်ရရှိရန် စောင့်ဆိုင်းခဲ့သော်လည်း အမြဲတမ်းအလုပ်မရခဲ့ဟု ပြောကြားခဲ့ကြောင်း ဂျာမန် DPA သတင်းဌာနက ယင်းကိစ္စကို ကိုးကားဖော်ပြထားခဲ့သည်။

လေ့လာဆန်းစစ်ချက်အရ လုပ်သားအင်အားကျုံ့သွားခြင်း၏ အကျိုးသက်ရောက်မှုနှင့်ဂျာမနီတစ်ဝှမ်းတွင်ကွဲပြားစွာခံစားနေကြရသောကွာဟချက်များအားစေ့စပ်ညှိနှိုင်းနိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာအခြေအနေကောင်းများလိုအပ်ကြောင်း Mr. Schultz က ပြောကြားခဲ့သည်။

လုပ်သားအင်အား ပျမ်းမျှ ၁၀ ရာခိုင်နှုန်းခန့်ကျဆင်းခဲ့ခြင်း၏အကျိုးသက်ရောက်မှုသည်နိုင်ငံ၏လူဦးရေအများဆုံး ပြည်နယ်ဖြစ်သည့် North Rhine-Westphalia ၊ ယခင်က အရှေ့ဂျာမနီတွင် ပါဝင်ခဲ့ပြီး လူဦးရေအနည်းဆုံး ပြည်နယ်များဖြစ်ကြသည့် Thuringia နှင့် Saxony-Anhalt တို့ကဲ့သို့သော ပြည်နယ်များနှင့် ပြင်သစ်နယ်စပ်ရှိ Saarland ကဲ့သို့သော ပြည်နယ်များကို ပြင်းထန်စွာ ရိုက်ခတ်ခဲ့သည်။

Bavaria နှင့် Baden-Württemberg ကဲ့သို့သော အစဉ်အလာအရကောင်းမွန်သော ဂျာမနီတောင်ပိုင်းဒေသများပင်လျှင် လုပ်သားအင်အားကျဆင်းခြင်း၏ ရိုက်ခတ်မှုမှ လုံးဝလွတ်ကင်းနိုင်မည်မဟုတ်ကြောင်းနှင့်ဟမ်းဘတ်နှင့်ဘာလင်တို့ကဲ့သို့သော မြို့ကြီးများတွင်မူ အပျက်သဘောဆောင်သည့် သက်ရောက်မှုနည်းပါးလိမ့်မည်ဖြစ်ကြောင်းလေ့လာမှုအရ သိရသည်။

**Source:** https://www.dw.com/en/germany-needs-288000-foreign-workers-annually-until-2040-study/a-70885279

**ဒေါ်သန္တာစော**

**စီးပွားရေးသံမှူး၊ ဘာလင်** https://myantrade.gov.mm/article/npt-21220241000

## ဟွန်ဒိုင်းကားကုမ္ပဏီက နောက်ကြည့်ကင်မရာချို့ယွင်းမှုကြောင့် ကားအစီးရေ ၂၂၆,၀၀၀ ကျော်ကို ပြန်လည်သိမ်းဆည်းမည်




တောင်ကိုရီးယား မော်တော်ကားကုမ္ပဏီတစ်ခုဖြစ်သည့် ဟွန်ဒိုင်း (Hyundai)သည် ၎င်းထုတ်လုပ်ထားသည့် မော်တော်ယာဉ်များ၏ နောက်ကြည့်ကင်မရာချို့ယွင်းမှုကြောင့် ကားအစီးရေ ၂၂၆,၀၀၀ ကျော်ကို ပြန်လည်သိမ်းဆည်းမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြန်လည်သိမ်းဆည်းမည့် မော်တော်ယာဉ်အမျိုးအစားများတွင် ၂၀၂၁ နှင့် ၂၀၂၂ ခုနှစ်ထုတ် Santa fe နှင့် Elantra အမျိုးအစားများပါဝင်ကြောင်း အမေရိကန်အဝေးပြေး ယာဉ်အန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှုအဖွဲ့က ပြောကြားသည်။

၎င်းယာဉ်အမျိုးအစားများတွင် တပ်ဆင်ထားသည့် နောက်ကြည့်မှန်ကင်မရာများသည် မော်တော်ယာဉ်နောက်ပြန်မောင်းလာစဉ်အနောက်ဘက်သို့ တိကျသေချာစွာမြင်နိုင်ခြင်းမရှိသည့်အတွက် အနီးဝန်းကျင်ရှိအရာများနှင့်တိုက်မိနိုင်ကြောင်း ကုမ္ပဏီ၏ မော်တော်ယာဉ်ပြန်လည်သိမ်းဆည်းရေးထုတ်ပြန်ချက်တွင်ဖော်ပြထားကြောင်း သိရသည်။

ထို့ပြင် မော်တော်ယာဉ်ဆားကစ်ဘုတ်ပေါ်ရှိ ဂဟေဆက်ရာများသည် အချိန်ကြာလာသည်နှင့်အမျှ ပျက်စီးလာပြီး နောက်ကြည့်ကင်မရာ၏ လုပ်ဆောင်မှုကို ထိခိုက်စေနိုင်ကြောင်းလည်း ဟွန်ဒိုင်း (Hyundai) ကုမ္ပဏီကပြောကြားသည်။

ကင်မရာများကို ကုန်ကျစရိတ်မရှိဘဲ အစားထိုးလဲလှယ်ပေးမည်ဖြစ်ကြောင်းနှင့် လာမည့်ဇန်နဝါရီ ၁၉ ရက်မှစ၍ ကားပိုင်ရှင်များထံ အကြောင်းကြားမည်ဖြစ်ကြောင်း မော်တော်ယာဉ်အရောင်းကိုယ်စားလှယ်များက ပြောကြားသည်။

**Source : ဆင်ဟွာ**

**ကြေးမုံသတင်းစာ**

## အာဖဂန်နစ္စတန်နိုင်ငံ၌ လွန်ခဲ့သော သုံးနှစ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း ၃၁၇ ခု အကောင်အထည်ဖော်ဆောင်ခဲ့

အာဖဂန်အိမ်စောင့်အစိုးရသည် လွန်ခဲ့သည့် သုံးနှစ်အတွင်း နိုင်ငံတစ်ဝန်း၌ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ၃၁၇ ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း စီးပွားရေးဆိုင်ရာယာယီလက်ထောက်ဝန်ကြီးချုပ်ရုံး၏ အစီရင်ခံချက်အရ သိရသည်။

အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံ တန်ဖိုးရှိသည့် အဆိုပါစီမံကိန်းများသည် ပြည်တွင်းထုတ်ကုန်ထုတ်လုပ်မှုကို ဦးစားပေးလုပ်ဆောင်လျက်ရှိကာ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူဖြစ်သည်။

ပြည်သူထောင်ပေါင်းများစွာကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

စီးပွားရေးစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရန် အစိုးရကငင်း၏ ပြည်တွင်းဘတ်ဂျက်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့်အခြေခံအဆောက်အအုံဆိုင်ရာစီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော်ရန် စီစဉ်လျက်ရှိသည်။

**Source : ဆင်ဟွာ**

**ကြေးမုံသတင်းစာ**

# STOCK EXCHANGE (2.12.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 2nd Dec. 2024

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,413 (Shares) | 10,140,450 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,500 | 0 | 0 | 33,109,694 | 281,432 |
| MTSH | 00002 | 3,250 | +50 | +1.56% | 3,200 | 3,250 | 3,200 | 2,748 | 8,793,700 | 38,929,150 | 126,520 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 22 | 184,800 | 10,400,986 | 87,368 |
| FPB | 00004 | 2,000 | +0 | +0.00% | 2,000 | 2,000 | 1,950 | 112 | 223,500 | 29,664,613 | 59,329 |
| TMH | 00005 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,100 | 1 | 3,100 | 12,823,224 | 39,752 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 513 | 872,750 | 19,977,223 | 34,960 |
| AMATA | 00007 | 4,600 | +100 | +2.22% | 4,600 | 4,600 | 4,600 | 5 | 23,000 | 10,497,598 | 48,289 |
| MAEX | 00008 | 3,300 | +50 | +1.54% | 3,300 | 3,300 | 3,300 | 12 | 39,600 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 2nd Dec. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 400.92 | +2.22 | +0.56% | 398.70 | 400.92 | 397.91 | 3,413 | 10,140,450 | 8 | 756,206 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 2nd Dec. 2024

| Trading Volume | Trading Value |
|---|---|
| 3,413 (Shares) | 10,140,450 (MMK) |

## Main Board

As of 1:00 pm, 2nd Dec. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,413 (Shares) | 10,140,450 (MMK) |

| MYANPIX | 400.92 ▲ 2.22 |
|---|---|
| Total Volume (shares) | 3,413 |
| Total Value (MMK) | 10 mil |
| Listed Company | 8 |
| Market Cap. (MMK) | 756,206 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲ 0 |
| MTSH | 00002 | 3,250 | ▲ 50 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 2,000 | ▲ 0 |
| TMH | 00005 | 3,100 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,600 | ▲ 100 |
| MAEX | 00008 | 3,300 | ▲ 50 |